## ဝန်ထမ်းများအတွက် လမ်းညွှန်

# လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရမှု နစ်နာကြေး



MINISTRY OF MANPOWER

# ဝန်ထမ်းများအတွက် လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရမှု နစ်နာကြေး ဆိုသည်မှာ **အဘယ်နည်း။**

သင့် အလုပ်တာဝန်ကြောင့် သင့်တွင် ထိခိုက်ဒဏ်ရာ သို့မဟုတ် ရောဂါဝေဒနာ တစ်စုံတစ်ခု ရရှိ ခံစားခဲ့ရပါက သင့် အလုပ်ရှင်ထံမှ နစ်နာကြေး တောင်းခံနိုင်သည်။

လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရမှု နစ်နာကြေး အက်ဥပဒေ **(WICA)** က ဝန်ထမ်းများအား အလုပ်နှင့် ဆက်စပ်သည့် ထိခိုက်ဒဏ်ရာများ သို့မဟုတ် ရောဂါဝေဒနာများအတွက် အမှုအခင်း ရင်ဆိုင်ရန် မလိုဘဲ နစ်နာကြေး တောင်းခံနိုင်ခွင့် ပေးထားသည်။

## ကျွန်တော်က WICA ရဲ့ အကာအကွယ်ပေးမှု အောက်မှာ ရှိပါသလား။

### ရှိပါသည်

- သင်သည် "ဝန်ဆောင်မှု စာချုပ်တစ်ခု" အောက်တွင် အလုပ်လုပ်နေသည့် ဝန်ထမ်းတစ်ဦး ဖြစ်လျှင်

### မရှိပါ

- စင်္ကာပူ လက်နက်ကိုင် တပ်ဖွဲ့ တစ်ခုခု၏ တပ်ဖွဲ့ဝင် တစ်ဦး ဖြစ်လျှင်
- စင်္ကာပူ ရဲတပ်ဖွဲ့၊ စင်္ကာပူ ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့၊ ဗဟို မူးယစ်ဆေးဝါး နှိမ်နင်းရေး ဗျူရိုနှင့် စင်္ကာပူ အကျဉ်းဦးစီးဌာနတို့မှ ယူနီဖောင်းဝတ် အရာရှိ ဖြစ်လျှင်
- လုပ်ငန်းရှင် / အလွတ်တန်း ကန်ထရိုက်တာ ဖြစ်လျှင်
- အိမ်အကူ ဖြစ်လျှင်

### မေးခွန်း 1

**အောက်ပါ အခြေအနေများတွင် နစ်နာကြေး တောင်းဆိုနိုင်ပါသေးသလား**

**(က) ထိုအလုပ်ရှင်အတွက် အလုပ် မလုပ်တော့လျှင် သို့မဟုတ် အလုပ် ထုတ်ခံခဲ့ရလျှင်**

**(ခ) ပြည်ပသို့ သွားရောက် တာဝန်ထမ်းဆောင်ရစဉ် မတော်တဆမှု ဖြစ်ပွားခဲ့ခြင်း ဖြစ်လျှင်**


ဟုတ်ကဲ့၊ ရနိုင်ပါတယ်။

## ကျွန်တော် အလုပ်ခွင်မှာ ဒဏ်ရာ ရခဲ့ပါတယ်။ ဘာလုပ်ရမလဲ။



1. ဆေးကုသမှု ခံယူပါ။ သင့် အလုပ်ရှင်ထံ အမြန်ဆုံး အကြောင်းကြားပါ။
   - ၎င်းက လူ့စွမ်းအား ဝန်ကြီးဌာနသို့ အကြောင်းကြားပါလိမ့်မည်။
2. သင့် ဆေးကုသမှု အထောက်အထား လက်မှတ် (MC) မူရင်းကို အလုပ်ရှင်အား ပေးအပ်ပါ။
   - သင့် နာမကျန်းခွင့်အတွက် လုပ်ခများကို တောင်းခံပါ။
3. သင့် ဆေးကုသမှု ပြေစာ မူရင်းများကို သင့် အလုပ်ရှင်အား ပေးပါ။
   - သင်က ဦးစွာ ပေးချေခဲ့ရပါက ၎င်းက သင့်အား ပြန်ပေးရမည် ဖြစ်သည်။
   - သင့် MC နှင့် ဆေးကုသမှု ပြေစာများကို မိတ္တူကူး၍ သိမ်းထားပါ။
4. သင့် အလုပ်ရှင်က မတော်တဆမှုအကြောင်းကို MOM အား အကြောင်းကြားထားကြောင်း သေချာအောင် မေးမြန်းပါ။
5. WICA သို့မဟုတ် ထုံးတမ်းစဉ်လာ ဥပဒေအရ တောင်းဆိုရန် လျှောက်ထားခြင်း ပြုမည် မပြုမည်ကို ဆုံးဖြတ်ပါ။
   - တောင်းဆိုမှု တစ်ခုသာ ပြုလုပ်နိုင်ပါသည်။

## ကျွန်တော့်ရဲ့ အလုပ်ရှင်က ကျွန်တော် လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာ ရမှုအတွက် ဘယ်အချိန်မှာ MOM ကို အကြောင်းကြားရပါသလဲ။




**သင့် အလုပ်ရှင်သည် သင် အောက်ပါတို့ တစ်ခုခု ဖြစ်ခဲ့ပါက သင် ထိခိုက်ဒဏ်ရာရမှုအတွက် အကြောင်းကြားရပါသည်။**

- အနည်းဆုံး 24 နာရီ ဆေးရုံတင်ခံရလျှင် သို့မဟုတ်
- နာမကျန်းခွင့် 4 ရက် သို့မဟုတ် ယင်းထက်ပိုသော ပြက္ခဒိန်ရက်များ (တစ်ဆက်တစ်စပ်တည်း ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ) ခံစားရလျှင် သို့မဟုတ်
- အလုပ်တာဝန်ကြောင့် ဖြစ်သော ရောဂါဝေဒနာ တစ်ခုခု စွဲကပ်ခဲ့လျှင်

### အသုံးဝင်သော အကြံပြုချက်

**MOM သို့ http://www.mom.gov.sg/iReport** စာမျက်နှာမှ တဆင့်လည်း ကိုယ်တိုင် အကြောင်းကြားနိုင်ပါသည်

# ဘာကို ပမာဏ ဘယ်လောက်အထိ တောင်းဆို နိုင်ပါသလဲ။

WICA အောက်တွင် သင်သည် စင်္ကာပူနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆရာဝန်တစ်ဦးထံ **ပြသခဲ့သည် ဆိုပါက** အောက်ပါ နစ်နာကြေး အမျိုးအစားများကို တောင်းဆိုနိုင်ပါသည်။

## အမျိုးအစား 1 - ဆေးကုသမှု ကုန်ကျစရိတ်

### ဆေးကုသမှု ကုန်ကျစရိတ်ဆိုတာ ဘာလဲ။

ထိခိုက်ဒဏ်ရာ ရမှုကြောင့် ကုန်ကျလိုက်ရသည့် ဆေးကုသမှု စရိတ်များ **+** အခြား ကုန်ကျစရိတ်များ ဥပမာ - လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရမှု ဆန်းစစ်ချက် အစီရင်ခံစာများအတွက် စရိတ်များ

### သင့်အနေဖြင့် ဆေးကုသမှု ကုန်ကျစရိတ်များကို အများဆုံး သတ်မှတ်ပမာဏအထိ သို့မဟုတ် မတော်တဆမှု ဖြစ်သည့် နေ့ရက်မှ တစ်နှစ်အထိ မည်သည်က ဦးစွာကျရောက်သည် ဖြစ်စေ တောင်းခံနိုင်သည်။

| **မည်သည့်အချိန်တွင် မတော်တဆမှု ဖြစ်ခဲ့ပါသလဲ။ အများဆုံး** | **ပမာဏ မည်မျှအထိ တောင်းခံနိုင်ပါသလဲ။** |
|---|---|
| 2016 ဇန်နဝါရီ 1 ရက်နေ့ မတိုင်မီ | $30,000 |
| 2016 ဇန်နဝါရီ 1 ရက်နှင့် ယင်းနောက်ပိုင်း | $36,000 |

### မေးခွန်း 2

**ကျွန်တော့် ဆေးကုသမှုစရိတ်မှာ $45,000 ဖြစ်လျှင် ပမာဏ အပြည့်အဝ တောင်းခံနိုင်ပါသလား။**

7 ဖေဖော်ဝါရီ 2016 — သင် မတော်တဆမှု တစ်ခု ဖြစ်ခဲ့သည်

10 မတ် 2016 — ပထမ — ပထမ ဆေးကုသမှု ကျသင့်ငွေ — **$30,000** ဟုတ်ကဲ့ ပမာဏ အပြည့်အဝကို တောင်းဆိုနိုင်ပါသည်။

30 ဇွန် 2016 — ဒုတိယ — ပထမ ဆေးကုသမှု ကျသင့်ငွေ — **$10,000** $6,000 သာ တောင်းဆိုနိုင်ပါသည်။

9 မတ် 2017 — တတိယ — ပထမ ဆေးကုသမှု ကျသင့်ငွေ — **$5,000** ဤပမာဏအတွက် တောင်းခံနိုင်ခြင်း မရှိပါ။

ဤဥပမာတွင် သင်သည် $30,000 + $6,000 = $36,000 အထိသာ တောင်းခံနိုင်ပါသည်။ အမြင့်ဆုံး ကုန်ကျစရိတ် ရောက်ရှိသွားပြီ ဖြစ်သဖြင့် 30 ဇွန် 2016 တွင် ကျသင့်သည့် ကျန်ရှိသော $4,000 ကို တောင်းခံနိုင်ခြင်း မရှိတော့ပါ။ 9 မတ် 2017 တွင် ကျသင့်သော $5,000 သည်လည်း မတော်တဆမှု ဖြစ်သည့် နေ့ရက်မှ တစ်နှစ်ကျော် ကြာမြင့်သွားပြီ ဖြစ်သဖြင့် တောင်းခံ၍ မရနိုင်တော့ပါ။

## အမျိုးအစား 2 - နာမကျန်းခွင့် လုပ်ခများ

### မည်သည့်အချိန်တွင် နာမကျန်းခွင့် လုပ်ခများကို တောင်းခံနိုင်ပါသလဲ။




သင့်ကို လုပ်ငန်းခွင်ကြောင့် ထိခိုက်ဒဏ်ရာ သို့မဟုတ် ရောဂါဝေဒနာ ရလျှင် ပြင်ပလူနာအဖြစ် ဆေးကုသခွင့် နှင့်/ သို့မဟုတ် ဆေးရုံတက်၍ ဆေးကုသခွင့်ကို ဆရာဝန် တစ်ဦးဦးက ထုတ်ပေးခဲ့ပါက နာမကျန်းခွင့် လုပ်ခများ တောင်းခံနိုင်ပါသည်။



ပုံမှန်အားဖြင့် သင် အလုပ်ခွင့်တွင် ရှိနေရမည့် နေ့ရက်များ (အလုပ်ဖွင့်ရက်များ) အတွက်သာ တောင်းခံနိုင်ပြီး နားရက်များ သို့မဟုတ် အများပြည်သူ အားလပ်ရက်များအတွက် တောင်းခံ၍ မရပါ။

### WICA က သင့်အား အောက်ပါ နှုန်းထားများနှင့် ကန့်သတ်ချက်များကို တောင်းခံပိုင်ခွင့် ပေးထားပါသည်။

| ပြင်ပလူနာအဖြစ် ကုသရသော အောက်ပါ ကာလအတွက် နာမကျန်းခွင့် | သို့မဟုတ် ဆေးရုံတက် ကုသရသော အောက်ပါ ကာလအတွက် အခွင့် | သင့် နာမကျန်းခွင့် လုပ်ခများကို အောက်ပါ အချက်များ အခြေခံ၍ တွက်ချက်ပါသည်။ |
|---|---|---|
| 14 ရက်အထိ | ရက်ပေါင်း 60 အထိ | သင် လစဉ် ပျမ်းမျှရသည့် ဝင်ငွေ အပြည့် |
| 15 ရက်မြောက်နေ့မှသည် မတော်တဆ ဖြစ်ချိန်မှ 1 နှစ်ကြာသည်အထိ | 61 ရက်မြောက်နေ့မှသည် မတော်တဆ ဖြစ်ချိန်မှ 1 နှစ်ကြာသည်အထိ | သင် လစဉ် ပျမ်းမျှရသည့် ဝင်ငွေ၏ 2/3 |

### မေးခွန်း 3



**ကျွန်တော့် အလုပ်ရှင်က ကျွန်တော့် နာမကျန်းခွင့် လုပ်ခတွေနဲ့ ဆေးကုသစရိတ်တွေကို မပေးပါဘူး။ ကျွန်တော် ဘာလုပ်သင့်ပါသလဲ။**



ပထမဦးစွာ သင့်အနေဖြင့် သင့် အလုပ်ရှင်အား MC နှင့် ဆေးကုသစရိတ် ပြေစာ မူရင်းများ အားလုံး ပေးအပ်ပြီးကြောင်း သေချာအောင် လုပ်ပါ။ ၎င်းကိုလည်း ရရှိပြီး ဖြစ်ကြောင်း သေချာအောင် မေးပါ။

သင့် အလုပ်ရှင်က နာမကျန်းခွင့် လုပ်ခများနှင့် ဆေးကုသစရိတ်များကို ပေးအပ်ခြင်း မရှိပါက **http://www.mom.gov.sg/contact-us** သို့ စာရေးသား ပေးပို့ပါ သို့မဟုတ် လူ့စွမ်းအား ဝန်ကြီးဌာန ဝန်ဆောင်မှုများ စင်တာသို့ သွားရောက် အကြောင်းကြားပါ။

## အမျိုးအစား 3 - တစ်လုံးတစ်ခဲတည်း ပေးလျော်ခြင်း

တစ်သက်တာ မသန်မစွမ်း ဖြစ်သွားခြင်း (PI) သို့မဟုတ် သေဆုံးခြင်းအတွက် ထိုသို့ ပေးလျော်ရမည်။

**တစ်သက်တာ မသန်မစွမ်း ဖြစ်သွားခြင်း - ထိခိုက်ဒဏ်ရာ သို့မဟုတ် ရောဂါဝေဒနာ ရမှုက ဝန်ထမ်း တစ်ဦး၏ အလုပ်လုပ်ကိုင်နိုင်စွမ်းကို တစ်သက်တာလုံး ထိခိုက်ဆုံးရှုံးစေခြင်း**

**ဝန်ထမ်းအား ပေးရမည့် ပမာဏ**
**= [ဝန်ထမ်း၏ ပျမ်းမျှ လစဉ် ဝင်ငွေ]**
**x [အသက်ဆိုင်ရာ မြှောက်ဖော်ကိန်း]**
**x [တစ်သက်တာ မသန်မစွမ်း ဖြစ်မှု %][1]**

*နှစ်နာကြေးဆိုင်ရာ ကန့်သတ်ချက်များနှင့် ဆိုင်သည်

### ပျမ်းမျှ လစဉ် ဝင်ငွေ (AME) ကို ဘယ်လို တွက်ချက်ရပါမလဲ။



ဝင်ငွေ + အချိန်ပို လုပ်ခ + စားသောက်စရိတ်
+ ဆုကြေးနှင့် မတော်တဆမှု မဖြစ်မီ 12 လအတွင်းက အလုပ်တာဝန်အတွက် ပေးခဲ့သည့် အခြား ခွင့်ပြုငွေများ အားလုံး



12 လ

**အသုံးဝင်သော အကြံပြုချက်**

**သင့် AME ကို တွက်ချက်ရန် www.mom.gov.sg/calculate-ame ကို မှီငြမ်း ကိုးကားနိုင်ပါသည်။**

### မည်သည်တို့ကို ဖယ်ချန်ထားပါသလဲ။

- အလုပ်ရှင်၏ CPF ထည့်ဝင်ပေးမှုများ
- သင့် အလုပ်တာဝန်နှင့် ပတ်သက်သည့် အပို အသုံးစရိတ်များအတွက် ပေးသည့် ငွေကြေး (ဥပမာ - လမ်းစရိတ်အတွက် ခွင့်ပြုငွေ သို့မဟုတ် ပြန်အမ်းသည့်ငွေ)

| မည်သည့်အချိန်တွင် မတော်တဆမှု ဖြစ်ခဲ့ပါသလဲ။ | နှစ်နာကြေးဆိုင်ရာ ကန့်သတ်ချက်များ* | |
|---|---|---|
| | အနည်းဆုံး | အများဆုံး |
| **1 ဇန်နဝါရီ 2016 မတိုင်မီ** | [$73,000 x တစ်သက်တာ မသန်မစွမ်း ဖြစ်သွားခြင်း %] | [$218,000 x တစ်သက်တာ မသန်မစွမ်း ဖြစ်သွားခြင်း %] |
| **1 ဇန်နဝါရီ 2016 နှင့် နောက်ပိုင်း** | [$88,000 x တစ်သက်တာ မသန်မစွမ်း ဖြစ်သွားခြင်း %] | [$262,000 x တစ်သက်တာ မသန်မစွမ်း ဖြစ်သွားခြင်း %] |

မှတ်ချက် -

[1]% တစ်သက်တာ မသန်မစွမ်းဖြစ်မှု % (တစ်သက်တာ မသန်မစွမ်း ဖြစ်သွားခြင်း %) သည် ဝန်ထမ်း၏ ခံစားရသည့် အခြေအနေ သက်သာသွားပြီးနောက် ဆရာဝန်၏ ဆန်းစစ် သုံးသပ်မှုကို အခြေခံသည်။

**သေဆုံးခြင်း - ထိခိုက်ဒဏ်ရာရမှုက ဝန်ထမ်းတစ်ဦးအား အသက် သေဆုံးစေခြင်း**

**ကွယ်လွန်သူ ဝန်ထမ်း၏ မိသားစုဝင်များ သို့မဟုတ် မှီခိုသူများအား ပေးရမည့် ပမာဏ**
**= [ဝန်ထမ်း၏ AME] x [အသက်ဆိုင်ရာ မြှောက်ဖော်ကိန်း]**

*နစ်နာကြေးဆိုင်ရာ ကန့်သတ်ချက်များနှင့် ဆိုင်သည်

| မည်သည့်အချိန်တွင် မတော်တဆမှု ဖြစ်ခဲ့ပါသလဲ။ | နစ်နာကြေးဆိုင်ရာ ကန့်သတ်ချက်များ* | |
|---|---|---|
| | အနည်းဆုံး | အများဆုံး |
| **1 ဇန်နဝါရီ 2016 မတိုင်မီ** | $57,000 | $170,000 |
| **1 ဇန်နဝါရီ 2016 နှင့် နောက်ပိုင်း** | $69,000 | $204,000 |

## မေးခွန်း 4

**ရှေ့နေတစ်ယောက် လိုအပ်ပါသလား။**

- နစ်နာကြေး ပမာဏသည် ပုံသေနည်းဖြင့် တွက်ချက်မှုကို အခြေခံသဖြင့် နစ်နာကြေး တောင်းခံနိုင်ရေးအတွက် သင့်ကို ကူညီရန် ရှေ့နေတစ်ယောက် မလိုအပ်ပါ။
- နစ်နာကြေး လျှောက်ထားရာတွင် သင့်ကို အခမဲ့ ကူညီပေးနိုင်သည့် စကားပြန်များ MOM တွင် ရှိပါသည်။
- ယင်း စကားပြန်များသည် ဘင်္ဂလီ၊ တမီး၊ တရုတ်နှင့် မလေး ဘာသာစကားများ ပြောနိုင်ကြပါသည်။

## မေးခွန်း 5

**MOM က ညွှန်ကြားထားတဲ့ နစ်နာကြေးကို ကျွန်တော့် အလုပ်ရှင်က မပေးဘူးဆိုရင် ဘာ ဖြစ်နိုင်ပါသလဲ။**

သင့် အလုပ်ရှင်သည် ညွှန်ကြားချက် ရရှိပြီး 21 ရက်အတွင်း သင့်ကို ပေးရပါမည်။ မပေးပါက ၎င်းကို ညွှန်ကြားချက်အား လိုက်နာရန် ပျက်ကွက်မှုဖြင့် တရားစွဲဆို ခံရပါမည်။ သို့သော်လည်း ထိုသို့ တရားစွဲဆိုခံရခြင်းက သင် နစ်နာကြေး ရလိမ့်မည်ဟု ဆိုလိုခြင်း မဟုတ်ပါ။

အမိန့်ညွှန်ကြားချက်ကို အောက်ပါ လိပ်စာရှိ အစိုးရ တရားရုံးများမှ ဘီလစ်စာရေးကြီး ဌာနတွင် သင်ကိုယ်တိုင် အတည်ပြုပေးရပါမည်။ 1 Havelock Square, Singapore 059724။ သင့် အနေဖြင့် ကျွန်ုပ်တို့ ဝန်ထမ်း တစ်ဦးဦးကို ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။



## WICA နစ်နာကြေး တောင်းခံလွှာ တင်ချင်ပါတယ်။ ဘယ်လို လုပ်ရပါမလဲ။

**နစ်နာကြေး တောင်းခံမှုများ**

လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရမှု နစ်နာကြေး တောင်းခံသည့် လျှောက်လွှာ

လုပ်ငန်းခွင့် ထိခိုက်ဒဏ်ရာရမှု နစ်နာကြေး အက်ဥပဒေ အောက်တွင်

### သင့် နစ်နာကြေးကို လျှောက်ထား တောင်းဆိုခြင်း

- သင် လျှောက်ထား တောင်းဆိုလိုပါက MOM သို့ အသိပေး အကြောင်းကြားရပါမည်။
- ကျွန်ုပ်တို့က သင့်ထံ လျှောက်လွှာ ပေးပို့ပါမည်။
- သင့်အနေဖြင့် မတော်တဆ ဖြစ်ပြီး တစ်နှစ်ကျော် ကြာသွားပြီးလျှင် နစ်နာကြေး တောင်းခံရနိုင်တော့မည် မဟုတ်ပါ။

**အသုံးဝင်သော အကြံပြုချက်**



**သင့် လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရမှု နစ်နာကြေး လျှောက်ထားမှု အခြေအနေကို SMS အသုံးပြု၍ စစ်ဆေးနိုင်သည်ကို သင် သိပါသလား။**

**CS<space>လျှောက်လွှာ ရည်ညွှန်းအမှတ် ဟူ၍ '96175993'သို့ စာတို ပေးပို့ပါ ဥပမာ CS W-2014010001**

### ဆေးဘက်ဆိုင် စစ်ဆေးမှု ခံယူခြင်း



- ဆေးစစ်ရန် ချိန်းဆိုမှု အားလုံးအတွက် သွားရောက်ပေးပါ။
- ဆေးရုံ/ဆေးခန်း ပြောင်းလဲခြင်း မပြုပါနှင့်။
- ဆေးရုံက သင့်အား စမ်းသပ်စစ်ဆေးပြီး သင်၏ ထိခိုက်ဒဏ်ရာရမှု ပမာဏ (သင့် တစ်သက်တာ မသန်မစွမ်းဖြစ်မှု %) ကို MOM သို့ အကြောင်းကြားပါလိမ့်မည်။



### ဆန်းစစ်သုံးသပ်ချက် အသိပေးလွှာ လက်ခံရရှိခြင်း

- သင့်ထံသို့နှင့် သင့် အလုပ်ရှင်နှင့် အာမခံရုံး တို့ထံ ဆန်းစစ်သုံးသပ်ချက် အသိပေးလွှာကို ပေးပို့ပါမည်။



### တောင်းဆိုမှု ဖြေရှင်းခြင်းနှင့် ပေးလျော်ခြင်း

- MOM ၏ ဆန်းစစ်ချက်ကို ကန့်ကွက်သူ မရှိပါက သင့် အလုပ်ရှင် သို့မဟုတ် အာမခံရုံးက အသိပေးလွှာ ရရှိချိန်မှ **21 ရက်**အတွင်း သင့်ကို ပေးလျော်ပါလိမ့်မည်။ သင့် အလုပ်ရှင် အနေဖြင့် သင်ရမည့် နစ်နာကြေးမှ (ဥပမာ - ဆေးကုသစရိတ်များနှင့် နာမကျန်းခွင့် လုပ်ခများအတွက်) ငွေကြေး ဖြတ်တောက် ယူခွင့်မရှိပါ။
- ကန့်ကွက်သူ ရှိခဲ့ပါက MOM အနေဖြင့် ယင်းကို ဖြေရှင်းရန် ကူညီပေးမည် ဖြစ်ပြီး နစ်နာကြေး ပေးလျော်ရန် အမိန့် ညွှန်ကြားချက် ထုတ်ပေးပါမည်။

### မေးခွန်း 6

**ကျွန်တော်က နိုင်ငံခြားသား ဝန်ထမ်း တစ်ယောက်ပါ။ ကျွန်တော့်ရဲ့ WICA လျှောက်လွှာကို စစ်ဆေးနေစဉ်အတွင်း အလုပ်ရှင်က ကျွန်တော်ကို မိခင်နိုင်ငံ ပြန်ပို့နိုင်ပါသလား။**

MOM က သင့်အား စင်္ကာပူနိုင်ငံအတွင်း ရှိနေရန် လိုအပ်ပါက သင့် အလုပ်ရှင်က သင့်ကို မိခင်နိုင်ငံသို့ ပြန်ပို့ခွင့် မရှိပါ။

သင့်ကို မိခင်နိုင်ငံသို့ ပြန်ရန် ၎င်းက ဖိအား ပေးပါက လူဝင်မှုကြီးကြပ်ရေး ဂိတ်များရှိ အာဏာပိုင်များအား တိုင်ကြားပါ။ ၎င်းတို့က သင့်အား MOM သို့ အကြောင်းကြား ပေးပါလိမ့်မည်။




## WICA အောက်တွင် ကျွန်တော်က ချိုးဖောက်မှု တစ်ခုခု ပြုလုပ်ခဲ့ပါက ဘာဖြစ်နိုင်ပါသလဲ။



**MOM က သင့်အား တင်းကျပ်သော အရေးယူမှု ပြုလုပ်ပါလိမ့်မည်။**

သင်သည် နိုင်ငံခြားသား ဝန်ထမ်း ဖြစ်ပါက သင့် အလုပ်လုပ်ခွင့် (work permit) ကို ပြန်လည် ရုတ်သိမ်းပြီး စင်္ကာပူနိုင်ငံသို့ ပြန်လာ၍ အလုပ်လုပ်ခွင့် ရတော့မည် မဟုတ်ပါ။

ထို့ပြင် အခြား ပြစ်ဒဏ်များလည်း ရှိပါသေးသည်။

| မမှန်မကန် လျှောက်ထား တောင်းဆိုခဲ့ပါက | အရာရှိများအား လိမ်လည် ပြောဆိုခဲ့ပါက |
| --- | --- |
| • $15,000 အထိ ငွေဒဏ် သို့မဟုတ်<br>• 12 လအထိ ထောင်ဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး | • $5,000 အထိ ငွေဒဏ် သို့မဟုတ်<br>• 6 လအထိ ထောင်ဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး |

**WICA တောင်းခံမှု လျှောက်ထားရန် သို့မဟုတ် လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရမှု နစ်နာကြေးနှင့် ပတ်သက်၍ ပိုမို သိရှိလေ့လာနိုင်ရန် အကူအညီ လိုအပ်ပါသလား။**

http://www.mom.gov.sg/wic

Ministry of Manpower Services Centre
1500 Bendemeer Road
Singapore 339946

ရုံးဖွင့်ချိန် -
တနင်္လာမှ သောကြာ၊ နံနက် 8 နာရီမှ ညနေ 5 နာရီခွဲအထိ
(အလုပ်ကျ တန်းစီ အမှတ်စဉ်များကို ညနေ 4 နာရီခွဲထိ ထုတ်ပေးပါမည်)

6438 5122

2017 ဖေဖော်ဝါရီလတွင် တည်းဖြတ်မွမ်းမံထားသည်

ဤလမ်းညွှန်တွင် ပါဝင်သော အချက်အလက်များသည် ပုံနှိပ်ထုတ်ဝေသည့် ကာလတွင် မှန်ကန်ပါသည်။ လမ်းညွှန်က ဝန်ထမ်းများအား လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရမှု နစ်နာကြေး (WIC) အကြောင်း အခြေခံ အချက်အလက်များ ရှင်းပြပေးပါသည်။ ယင်းက WIC Act အောက်တွင် ၎င်းတို့၏ ရပိုင်ခွင့်နှင့် တာဝန်များကိုလည်း အကျဉ်းချုံး ရှင်းပြပေးပါသည်။ လမ်းညွှန်ချက် ဖြစ်သည့်အတွက် ဤစာအုပ်ငယ်သည် ဥပဒေကြောင်းအရ ရပ်တည်နိုင်မှု မရှိပါ။ မရှင်းလင်းသည်များ ရှိပါက WIC Act ကိုသာ မှီးငြမ်းကိုးကားသင့်ပါသည်။